## P.E Interview ဖြေဆိုရာတွင် တင်ပြရမည့် Report တွင်ပါဝင်ရမည့် အချက်များနှင့် ပတ်သက်၍ အသေးစိတ်ရှင်းလင်းတင်ပြချက်

**Professional Experiences and Competency Report (PECR) for Professional Engineer (P.E)**

၁။ PECR သည် Professional Engineer တစ်ဦးဖြစ်မြောက်ရေးအတွက် အထူးပင်အရေးကြီးပါသည်။ Profession Competency နှင့်ပတ်သက်၍ အောက်ဖော်ပြပါအချက်များအားအခြေခံရန်ဖြစ်ပါ၍ Competency Report ပြုစုရာတွင် အဆိုပါအချက်များကိုအလေးထား၍ မိမိဆောင်ရွက်ခဲ့သည့်လုပ်ငန်းအတွေ့အကြုံများကို ဆက်စပ်ဖော်ပြရေးသားရန်ဖြစ်ပါသည်–

(က) Apply Engineering Knowledge, Methods and Techniques.

(ခ) Use of engineering technology, tools and equipment

(ဂ) Safeguard public safety

(ဃ) Recognize the impacts of engineering on the environment, economy and society

(င) Manage engineering activities

(စ) Communicate engineering information

(ဆ) Work Collaboratively

(ဇ) Maintain and enhance engineering skills and knowledge

၂။ Professional Experiences and Competency Report နှင့်ပတ်သက်၍ မိမိဆောင်ရွက်ခဲ့သည့် လုပ်ငန်းများတွင် မိမိ၏ကျွမ်းကျင်မှုကို ဆက်စပ်ဖော်ပြနိုင်သောလုပ်ငန်းရပ်အား အကြီးဝင်သောခေါင်းစဉ်များကို အခြေခံ၍ပြန်လည်သုံးသပ်ပြီး မိမိ၏ တတ်ကျွမ်းမှုနှင့်ဆောင်ရွက်ခဲ့မှုကို ဖော်ပြပေးရန်ဖြစ်ပါသည်။

၃။ Professional Experiences and Competency Report မှာ မိမိဆောင်ရွက်ချက်များကို ပထမဖော်ပြပြီး အခြေခံအချက် (၈)ချက်ဖြင့် ပြန်လည်သုံးသပ်ဖော်ပြရန်ဖြစ်ပါ၍ စတင်ရေးသားဖော်ပြရန်အချက်အလက်များပြန်လည်ရှာရခြင်း၊ မိမိကိုယ်ကိုမိမိ ဝေဖန်သုံးသပ်ရန်လိုအပ်ခြင်းကြောင့် ကနဦးတွင် အခက်အခဲရှိနိုင်သော်လည်း၊ ယခုကဲ့သို့ဆောင်ရွက်မှုကို နိုင်ငံရပ်ခြား Professional Engineer စိစစ်မှုများတွင် လက်ခံကျင့်သုံးနေပါ၍ Professional Engineer လက်မှတ် လျှောက်ထားသူများအနေဖြင့် ကြိုးစားဆောင်ရွက်ပေးရန်ဖြစ်ပါသည်။

၄။ Professional Experiences and Competency Report ရေးသားရာတွင် အောက်ဖော်ပြပါ Format ကို အခြေခံ၍ ရေးသားရန်အကြံပြုပါသည်။ စာလုံးရေ ၂၀၀၀ မှ ၄၀၀၀ အထိရေးသားပြီး မိတ္တူ (၆) စောင်ပေးရန်ဖြစ်ပါသည်။

Section (1) Introduction

Section (2) Work experiences in brief and high light the major important projects.

Section (3-10) Using each Competence Element / Performance Indicators as heading, describe the problems and activities that you have addressed or been involved in to demonstrate your attainments under each heading.

၅။ Professional Experiences and Competency Report အား အင်္ဂလိပ်ဘာသာဖြင့်ရေးသားပြုစုရမည်ဖြစ်ပါသည်။ အထက်အပိုဒ် (၁) တွင် အကြံပြုဖော်ပြထားသည့် အပိုဒ်ခွဲများကို အနီးစပ်ဆုံးအမှီပြုရေးသားပေးရန်ဖြစ်ပါသည်။ သတ်မှတ် ခေါင်းစဉ်များမှာ ကျွမ်းကျင်မှုတိုင်းတာရန် အခြေခံအချက်များဖြစ်ပါသည်။

၆။ Professional Presentation on Projects and Achievements (PPPA) – ယခုစိစစ်မှုလုပ်ငန်းအတွက် Professional Engineer မှတ်ပုံတင်လျှောက်ထားသူအနေဖြင့် မိမိဆောင်ရွက်လုပ်ကိုင်ခဲ့သည့်လုပ်ငန်းများထဲမှ မိမိ၏ ကျွမ်းကျင်မှုကို အခြေခံ၍ တာဝန်ယူဆောင်ရွက်ခဲ့သောလုပ်ငန်းတစ်ခု (သို့မဟုတ်) နှစ်ခုကို ပြုစုတင်ပြဆွေးနွေးပေးရန်ဖြစ်ပါသည်။ အဆိုပါဆွေးနွေးတင်ပြမှုအတွက် Report (Presentation) မိတ္တူ (၆) စုံနှင့် Soft Copy CD (၂)စုံကို လိုအပ်သော အခြေခံဒီဇိုင်းပုံစံများ၊ ဆောင်ရွက်ချက်မှတ်တမ်းမှတ်ရာများကို ပူးတွဲ တင်ပြရန်လိုအပ်ပါသည်။ မိမိအနေဖြင့် တင်ပြသည့်လုပ်ငန်းတွင် မည်သည့်နေရာမှတာဝန်ယူခဲ့သည်ကို ရှင်းလင်းတင်ပြပြီး ဆောင်ရွက်ခဲ့သည့်အချိန်က မည်သည့်အင်ဂျင်နီယာပညာရပ်များကို အခြေခံ၍ လုပ်ငန်းပြီးမြောက်အောင် ဆောင်ရွက်ခဲ့ကြောင်း Power Point ဖြင့် ရှင်းလင်းတင်ပြရန်ဖြစ်ပါသည်။ တင်ပြချိန်အနေဖြင့် အများဆုံး (၂၀) မိနစ်ခန့်နှင့် အပြီးတင်ပြပေးရန်ဖြစ်ပါသည်။ မေးမြန်းဆွေးနွေးချိန် (၄၀) မိနစ်ခန့်ဖြစ်ပါသည်။